**လူ့အခွင့်အရေးမှတ်တမ်းတင် ကွန်ရက်–မြန်မာနိုင်ငံ (ND-Burma) မှ ထုတ်ပြန်ချက်**
**“အာဏာရှင်စနစ်ကို တော်လှန်ဆန့်ကျင်ခြင်း (Defying a Dictatorship)” – မြန်မာနိုင်ငံရှိ**
**လူ့အခွင့်အ ရေးအခြေအနေ အနှစ်ချုပ် (၂၀၂၅ ခုနှစ် ဇူလိုင် – ဒီဇင်ဘာ)**

၁၇ မတ်လ၊ ၂၀၂၆

သတင်းထုတ်ပြန်ချက်

လူ့အခွင့်အရေးမှတ်တမ်းတင် ကွန်ရက်–မြန်မာနိုင်ငံ (ND-Burma) သည် **“အာဏာရှင်စနစ်ကို တော်လှန်ဆန့်ကျင် ခြင်း (Defying a Dictatorship)”** ဟု အမည်ပေးထားသော နောက်ဆုံး ခြောက်လ တကြိမ် အစီရင်ခံစာ ကို ယနေ့ထုတ်ပြန်လိုက်သည်။ အဆိုပါ အစီရင်ခံစာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများ မှတ်တမ်းတင်ထားသော ပြည်နယ်နှင့် တိုင်း ဒေသကြီးများရှိ လူ့အ ခွင့်အရေးအခြေအနေများကို ဖော်ပြထားသည်။

ထိုကာလအတွင်း ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး ခုနှစ်ခုနှင့် ပြည်နယ်ခြောက်ခုတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ် ၂၇၉ ခု အတွင်း လူ့အခွင့်အရေးချိုး ဖောက်မှု ၄၆၂ ခုကို မှတ်တမ်းတင်ခဲ့သည်။ ထိုချိုးဖောက်မှုများအနက် ၂၇၁ ခုကို စစ်တပ်မှ ကျူး လွန်ခဲ့ပြီး၊ ၅ ခုကို တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs) မှ ကျူး လွန်ခဲ့ကာ ၃ ခုကို မည်သည့်အုပ်စုမှ ကျူးလွန်ခဲ့သည်ကို မဖော်ထုတ်နိုင်သေးပါ။ စုစုပေါင်း လူ ၈၈၁ ဦး လူ့အခွင့်အရေး ချိုးဖောက် ခံခဲ့ရပြီး ၎င်းတို့အနက် အမျိုးသား ၃၅၇ ဦး၊ အမျိုးသမီး ၁၈၇ ဦး၊ ကလေးသူ ငယ် ၁၈၂ ဦးနှင့် လိင်အမျိုးအစား သို့မဟုတ် အသက်အရွယ် မသိရသေးသူ ၁၅၅ ဦး ပါဝင်သည်။ ၎င်းတို့ အထဲမှ အထူးသဖြင့် လူပေါင်း ၃၅၂ ဦး အသက်ဆုံးရှုံးခဲ့ပြီး အမျိုးသား ၁၇၃ ဦး၊ အမျိုးသမီး ၈၀ ဦး၊ ကလေးသူငယ် ၈၂ ဦးနှင့် လိင်အမျိုးအစား သို့မဟုတ် အသက်အရွယ် မသိရသေးသူ ၁၇ ဦး ပါဝင် သည်။

မြေပြင်တွင် အရပ်သားပြည်သူများ၏ အခြေအနေမှာ ပိုမိုမတည်မငြိမ် ဖြစ်လာနေပြီး လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျကျူးလွန်နေသော ရာဇ ဝတ်မှုများအတွက် တာဝန်ခံမှုမှ ဆက်လက်ရှောင်ရှားနေကြသည်။ အထူးသဖြင့် အမျိုးသမီးများနှင့်

ကလေးသူငယ်များကဲ့သို့ ထိရှလွယ်သော အုပ်စုများသည် အဆိုးရွားဆုံးဒဏ်ကို ခံစားနေရပြီး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံမှ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုမှုများသည် များသောအားဖြင့် တုန့်ပြန်အရေးယူ ဆောင်ရွက်ခြင်းမခံရဘဲ ရှိနေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်း အိမ်ယာစွန့်ခွာပြောင်းရွှေ့နေရသူ ၃.၅ သန်းကျော် ရှိနေသဖြင့် အဆောတလျင် အရေးယူဆောင်ရွက်မှုများဆောင်ရွက်ရန် လိုအပ်နေသည်မှာ ရှင်းရှင်းလင်း လင်းပင်ဖြစ်သည်။ အာဏာကို မတရားထိန်းချုပ်ထားသူများက အခြေအနေသည် ပုံမှန်ဖြစ်နေသည်ဟု အခိုင်အမာ ပြောဆိုနေမှုကို နိုင်ငံတကာမှ သက်ဆိုင်သူများအနေဖြင့် လှည့်ဖြားခံ၍ နားမယောင်သင့်ပါ။ အမှန်တကယ်အားဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ရွေးကောက်ပွဲအား ပြည်သူများကို ထိန်းချုပ်ရန်နှင့် စောင့်ကြည့်ရန် အသုံးချသော ကိရိယာများအဖြစ် မကြာခဏ အသုံးပြုနေ သည်။

ထို့အပြင် ND-Burma ၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်အဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားသော ဖြစ်စဉ်များစွာသည် စစ်တပ်က အပြစ်မဲ့ပြည်သူ များအပေါ် အကြမ်းဖက် ဖိနှိပ်နေမှုကို သက်သေပြနေပါသည်။ စစ်တပ်သည် မည်သည့် ဦးဆောင်မှုအခန်း ကဏ္ဍတွင်မဆို ပါဝင်နေသရွေ့ ဥပဒေစိုးမိုးမှု သို့မဟုတ် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ နှစ်ပေါင်းကြာရှည် တောင်းဆိုလာမှုများကို တုံ့ပြန်၍ စနစ်တကျ ညှိနှိုင်းဆောင်ရွက်ထားသော ထိရောက်ပြီး အဓိပ္ပါယ်ရှိသော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန် မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) သို့ လွှဲပြောင်းတင်ပြခြင်းလည်း ပါဝင်သင့်ပါသည်။ မြန်မာနိုင်ငံသစ် ရှင်သန်ရေးနှင့် အနာဂတ်သည် ထိုအရေး ယူဆောင်ရွက်မှုများအပေါ် မူတည်နေပါသည်။

**ဆက်သွယ်ရန်**

အမည် – နိုင်အဲမွန်

Signal – +66 86 1679 741

အမည် – ဆန်ထွယ်

Signal – +66 64 9369 070

---

*လူ့အခွင့်အရေးမှတ်တမ်းတင် ကွန်ရက်–မြန်မာနိုင်ငံ (ND-Burma) သည် တိုင်းရင်းသား လူမျိုးစုများ အမျိုးသမီးနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ကိုယ်စားပြုသည့် အဖွဲ့အစည်း ၁၃ ခုဖြင့် ဖွဲ့စည်း ထားသည်။ ၂၀၀၄ ခုနှစ်မှစ၍ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်လာခဲ့ပြီး ထိခိုက်နစ်နာခဲ့သော ပြည်သူများအတွက် တရားမျှတမှုရရှိစေရန် လှုပ်ရှား ဆောင်ရွက်နေပါသည်။ ကွန်ယက်တွင် အဖွဲ့ဝင် ၉ ဖွဲ့နှင့် ဆက်စပ်အဖွဲ့ဝင် ၄ ဖွဲ့ ပါဝင်သည်။*